■ “ပေါက်ဖော်ချစ်ကြည်ရေး”

# ဆရာအောင်မင်းစိုး။ ။တရုတ်နိုင်ငံသည်သူ၏ ဒုတိယဇာတိမြေဖြစ်သည်

## ဖြတ်မရသော “တရုတ်ရေစက်”

ကျွန်တော်သည် မြန်မာနိုင်ငံယဉ်ကျေးမှုထွန်းကားသော သမိုင်းမြို့တော်မန္တလေးမြို့တွင် မွေးဖွားခဲ့သည်။ ကျွန်တော်သည် ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုးတတိယမျိုးဆက်ဖြစ်သည်။ သို့သော် ကျွန်တော်ငယ်စဉ်အခါတုန်းက တရုတ်ဘာသာစကားမပြောတတ်ပေ။ ၁၉၈၆ခုနှစ်မှ ၁၉၉၇ခုနှစ်အတွင်း ကျွန်တော်သည် မြန်မာနိုင်ငံအစိုးရကျောင်းတွင် ပညာဆည်းပူးသင်ယူခဲ့သည်။ ငယ်စဉ်အခါကတည်းက တရုတ်လူမျိုးယဉ်ကျေးမှုများအကြားတွင် ကြီးထွားလာသည့်အတွက်ကြောင့် ၁၉၉၇ခုနှစ်တွင် အစိုးရကျောင်း(၁၀)တန်းအောင်ပြီးနောက်တွင် ကျွန်တော်သည် မန္တလေးမြို့FITCကျောင်းတွင် တရုတ်ဘာသာစကားကို လေ့လာသင်ယူခဲ့သည်။ ကျွန်တော်သည် အခြေခံသိပ်မကောင်းသော်လည်း တရုတ်ဘာသာစကားလေ့လာသင်ယူခြင်းနှင့် တရုတ်နိုင်ငံယဉ်ကျေးမှုများကို အထူးစိတ်ဝင်စားပါသည်။

၂၀၀၀ခုနှစ်တွင် ကျွန်တော်သည် တရုတ်ကျောင်း မူလတန်းအောင်မြင်ခဲ့သည်။ (၁)နှစ်ကြာပြီးသည့် အခါတွင် FITCကျောင်းတွင် တရုတ်စာသင်ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် တရုတ်ဘာသာစကား သင်ကြားပေးသည့်ဆရာ၊ ဆရာမများအထူးလိုအပ်နေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်တုန်းက ကျွန်တော်သည် တစ်ဖက်က တရုတ်ကျောင်း အလယ်တန်းတက်ရင်း အလုပ်တစ်ဖက်လုပ်သည်။ အဆိုပါအလုပ်ကို ကျွန်တော်အလွန်ကြိုက်နှစ်သက်သည်။ ၂၀၀၀ခုနှစ်ကစပြီး မြန်မာနိုင်ငံအတွင်းတွင် တရုတ်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ HSKရှိခဲ့ပါသည်။ ကျွန်တော်သည် ရန်ကုန်မြို့သို့ စာမေးပွဲသွားဖြေသည်။ သို့သော်အောင်စာရင်းထွက်သောအခါတွင် ကျွန်တော်၏ တရုတ်ဘာသာစကား အရည်အချင်းသည် မူလတန်းအဆင့်ပင် မရှိကြောင်း သိလိုက်ရသည်။ ထိုကဲ့သို့ သိရသောအခါတွင် ကျွန်တော်စိတ်အလွန်ထိခိုက်မိသည်။ သို့သော် ကျွန်တော်သည် ဇွဲမလျှော့ခဲ့ပေ။ နောက်တစ်နှစ်တွင် တရုတ်ဘာသာစကားသင်ကြားမှုကို ပိုမိုကြိုးစားခဲ့ပါသည်။ ၂၀၀၂ခုနှစ် မန္တလေးမြို့ တွင်ကျင်းပသော HSKစာမေးပွဲတွင် HSKအလယ်တန်းအဆင့်ကိုကျွန်တော် အောင်မြင်ခဲ့သည်။

## ရှုမဝသော “တရုတ်အလှ”

တက္ကသိုလ်လေးနှစ်တာအချိန်ကာလအတွင်းတွင် ကျွန်တော်အိမ်သို့ လုံးဝမပြန်ခဲ့ပေ။ သို့သော်လည်း ထိုကဲ့သို့နေခဲ့ရသည့်အတွက် ကျွန်တော်နောင်တမရပေ။ ဆောင်းရာသီနှင့် နွေရာသီကျောင်းပိတ်ရက်များတွင် ကျွန်တော်သည်ကျောင်းလှုပ်ရှားမှု မျိုးစုံတွင်ပါဝင်ခဲ့ပြီး ဖူကျင်ပြည်နယ်အနှံ့သို့ သွားရောက်ခဲ့ဖူးသည်။ ၂၀၀၃ခုနှစ်တွင် ကျွန်တော်သည်ပေကျင်းမြို့သို့ရောက်ရှိခဲ့ကာ ရှေးဟောင်းနန်းတွင်း၊ ထျန်အန်မင်းရင်ပြင်၊ ဂရိတ်ဝေါ၊ ထျန်းထန်းမိုးနိဗ္ဗာန်ဥယျာဉ်၊ ရီဟော်ယွမ်ဥယျာဉ်၊ ရွှမ်မင်ရွှမ်ဥယျာဉ်၊ ပြည်သူ့လွှတ်တော်ခန်းမစသည့် နာမည်ကျော်ရှုခင်းသာမျိုးစုံသို့ အလည်အပတ်ရောက်ရှိခဲ့ သည်။ တရုတ်နိုင်ငံလူမျိုးများ၏ မျိုးချစ်စိတ်နှင့် ရိုးရာယဉ်ကျေးမှုများကို အကျွမ်းတဝင်သိရှိခဲ့ရသည်။ ငယ်စဉ်အခါက အိပ်မက်ကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်။ ထို့အတူအကျိုးရလဒ်များစွာကို ရရှိခဲ့သည်။ နောက်နောင်တွင်အခွင့် အရေးကြုံသည်နှင့် တရုတ်နိုင်ငံ၏ နေရာအနှံ့သို့သွားပြီး တရုတ်နိုင်ငံရှုခင်းများကို တဝကြီးကြည့်မည်ဟု ကျွန်တော်ဆုံးဖြတ် ချက်ချခဲ့သည်။

၂၀၀၅ခုနှစ်တွင် ဟာအလ်ပင်မြို့ အရှေ့မြောက်အာဇာနည်ပြတိုက်၊ အရှေ့မြောက်ဂျပန် ဆန့်ကျင်ရေးမဟာမိတ်ပြတိုက်၊ တရုတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်သော ဂျပန်တပ်အမှတ် (၇၃၁)-တပ်၏ပြစ်မှုကျူးလွန်သော သက်သေများပြတိုက်၊ ရှိန်ရန် “(၉)လ (၁၈)ရက်ရေးခင်း”သမိုင်းပြတိုက်၊ ရှိန်ရန်နန်းတော်ဟောင်း၊ တာလမ်လူရှင်ဂျပန်ရုရှားထောင်၊ ဖူရှင်မြို့လေဖုံပြတိုက်စသည့် နေရာများသို့ လေ့လာခွင့်ရရှိခဲ့သည်။ အဆိုပါ အကြိမ်သွားရောက်လေ့လာခြင်းသည့် ကျွန်တော်အတွက် အကျိုးရလဒ်များစွာ ကိုရရှိစေသည်။ စိတ်လှုပ်ရှားလှပါသည်။



## ရေးလို့မကုန်နိုင်သော “တရုတ်မြန်မာကျွမ်းကျင်သူ”

၂၀၀၆ခုနှစ်မှ ယခုအချိန်ထိတိုင် မြန်မာနိုင်ငံမန္တလေးမြို့ FITCကျောင်းတွင် အလုပ်လုပ်နေချိန်အတွင်း ရေသောက်မြစ်ကိုရှာဖွေခြင်းခရီးစဉ်၊ ဟွာရှုတရုတ်ခရီးစဉ်၊ ရှမ်ဟိုင်းကုန်စည်ပြပွဲ၊ ကွန်မြူးရှပ်အင်စတီကျူအစည်းအဝေးနှင့် တရုတ်နိုင်ငံသို့လာရောက်ပြီး မွမ်းမံမှုသင်တန်းမျိုးစုံကို တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံတရုတ်လူမျိုးအဖွဲ့ခေါင်းဆောင်များအဖွဲ့၊ မြန်မာဘုန်းတော်ကြီးများအဖွဲ့၊ မြန်မာမီဒီယာများအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မွမ်းမံသင်တန်းအဖွဲ့၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ စသည်တို့ကို ဦးဆောင်ခဲ့ဖူးပါသည်။ အဖွဲ့ခေါင်းဆောင်သည့် အချိန်တွင် ဘာသာပြန်တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ တရုတ်နိုင်ငံအတွင်း ပြည်နယ်၊ မြို့၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ(၃၄)ခုအနက် ကျွန်တော်သည် ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ(၁)ခု၊ တိုက်ရိုက်အုပ်ချုပ်ရေးနယ်မြေ(၃)ခုနှင့် ပြည်နယ်(၁၁)ခုရောက်ဖူးပါသည်။ စာအုပ်ပေါင်း သောင်းချီဖတ်ဖူးတာထက် လမ်းပေါင်းသောင်းချီလျှောက်တာကပိုသာပါသည်။ ကျွန်တော်သည် ကျွန်တော်၏ ခြေလှမ်းတစ်လှမ်းစီဖြင့် တရုတ်နိုင်ငံ၏ တောတောင်ရေမြေနေရာတိုင်းကို လျှောက်လှမ်းမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ရှုခင်းသာများကိုစိတ်ဖြင့် ခံစားသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်မွေးဖွားသော တရုတ်လူမျိုးတစ်ဦးအနေဖြင့် ကျွန်တော်သည် စဉ်ဆက်မပြတ် ကြိုးစားနေမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်တရုတ်ယဉ်ကျေးမှုများကို အမွေဆက်ခံပြီး ပြန့်ပွားအောင်ဆောင်ရွက်နေမည်ဖြစ်သည်ဟု ဆရာအောင်မင်းစိုးက ပြောပါသည်။



## လျှောက်လှမ်း၍မဆုံးသော “ပညာသင်လမ်း”

၂၀၀၂ခုနှစ်ဩဂုတ်လတွင် တရုတ်နိုင်ငံ ဟွာချောင်တက္ကသိုလ်မှ ကိုယ်စားလှယ်များအဖွဲ့သည် မြန်မာနိုင်ငံမန္တလေးမြို့သို့ လေ့လာရေးခရီးထွက်ခဲ့သည်။ ကျွန်တော်တို့ကျောင်းကိုလည်း လာရောက်ပြီးကြော်ငြာသည်။ မန္တလေးမြို့ FITC ကျောင်းဒါရိုက်တာဘုတ်အဖွဲ့၏ မိတ်ဆက်ခြင်းအရစက်တင်ဘာလတွင် တရုတ်နိုင်ငံနိုင်ငံတော်ကောင်စီ ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုးများဆိုင်ရာ ဦးစီးဌာန၏ တရုတ်ဘာသာဆရာမွေးထုတ်ပေးခြင်းပညာသင်ဆုကို ဂုဏ်ယူစွာရရှိခဲ့ပြီး တရုတ်နိုင်ငံဖူကျင်ချွမ်းကျိုဟွာချောင်တက္ကသိုလ်သို့သွားရောက်ပြီး ဘွဲ့ကြိုအတန်းသို့တက် ရောက်ခဲ့သည်။ ထိုအချိန်မှစပြီး ကျွန်တော် ၏လေးနှစ်တာနိုင်ငံခြားတွင် ပညာသင် ယူဆည်းပူးသော ပညာတော်သင်ကျောင်းသားဘဝကို စတင်ခဲ့သည်။

ကျွန်တော်သည် ဟွာချောင်တက္ကသိုလ်တွင် ကွန်ပျူတာကွန်ယက်မေဂျာကို လေ့လာဆည်းပူးခဲ့ပါသည်။ ဟွာချောင်တက္ကသိုလ်သို့ စတင်ရောက်သည့်အခါတွင် ကျွန်တော်၏ တရုတ်စကား အပြောအဆိုသည် သိပ်မပြေပြစ်သောကြောင့် ကျွန်တော်သည် တရုတ်နိုင်ငံသားကျောင်းသားသုံးဦးနှင့် တစ်ခန်းတည်းနေရန် ဆုံးဖြတ်လိုက်ပါသည်။ ညစဉ်ညတိုင်းတွင် ကျွန်တော်တို့သည် အဆောင်အခန်းအိပ်ရာထဲတွင် စကားများပြောကြသည်။ သူတို့တတွေသည်လည်း မြန်မာနိုင်ငံအကြောင်းကို အလွန်စိတ်ဝင်စားကြသည်။ ကျွန်တော်သည် သူတို့အားမြန်မာနိုင်ငံ၏ အခြေအနေများကိုမိတ်ဆက်ပေးသည်။ ကျွန်တော်တရုတ်စကားပြောမှားသောအချိန်တွင် သူတို့ကပြင် ပေးသည်။